မြက်မီးလောင်ကျွမ်းမှုသည် နေရာမရွေး စတင်လောင်နိုင်ပြီး အလျင်အမြန်ပျံ့နှံ့သွားကာ ရပ်ရွာနှင့် မြို့များ မဲလ်ဘုန်းမြို့ကိုပင်လျှင် ခြိမ်းခြောက်နိုင်သည်။

အကယ်၍ သင်သည် မြက်ခင်း အနီးအနားတွင်နေထိုင်လျှင် ၄င်းမှာ မြက်ခင်းလွင်ပြင်များ၊ ပန်းဥယာဉ်များ သို့မဟုတ် မြင်းစားကျက်များ သော်လည်းကောင်းဖြစ်စေ သင့်တွင်အန္တရာယ် ရှိသည်။

အကယ်၍ သင်သည် ရပ်ရွာ သို့မဟုတ် မြို့အနီးအနားတွင် နေထိုင်လျှင် မီးလောင်ကျွမ်းမှုဖြစ်ပါက ဘာလုပ်ရမည်ကိုသိထားရန် အရေးကြီးပါသည်။

အကယ်၍ မီးလောင်ကျွမ်းမှုက ခြိမ်းခြောက်လျှက် သင်နေသည့်နေရာမှာ နယ်ချင်းကပ်နေလျှင် ဘေးကင်းလုံခြုံသည့် လုပ်ရမည့်အချက်မှာ မီးလောင်မှုမှအဝေးရှိ တစ်လမ်း သို့မဟုတ် နှစ်လမ်းသို့ လျင်မြန်စွာ ပြောင်းရွှေ့ရန်ဖြစ်သည်။

အကယ်၍သင်သည် မြက်ခင်းလွင်ပြင်အနီး မနေထိုင်လျှင် သင်နေထိုင်သည့်နေရာတွင် နေရန်ဘေးကင်းပါသည်၊ အဘယ်ကြောင့်ဆိုသော် မြက်မီးလောင်ကျွမ်းမှုသည် အိမ်ပထမအတန်းများကို လောင်၍ပျံ့နှံ့ရန် ဖြစ်နိုင်ခြေ မရှိပါ။

ကားအတွင်းသို့ ဝင်ရောက်နေခြင်းအားဖြင့် သင့် အသက် သို့မဟုတ် အခြားသူများ၏အသက်ကို အန္တရာယ်ဖြစ်အောင် မလုပ်ပါနှင့်။

အရေးပေါ်အခြေအနေ ဝန်ဆောင်မှုများအတွက် လမ်းကို သင် ရှင်းထားပေးရန် လိုအပ်သည်။

သင့် အိမ်ကို မီးကြောင့်ပျက်ဆီးမှု အန္တရာယ် လျှော့ပါးရန်အတွက် သင် လုပ်နိုင်သည့်အရာ အများအပြား ရှိပါသည်။ ဥပမာ မြက်ခင်းကိုရိတ်ပါ၊ အပင်ရိုင်းများ၊ တုတ်ချောင်းများ၊ ထင်းများနှင့် အမှိုက်သရိုက်များကို သင့်အိမ်နှင့် ခြံစည်းရိုးအနီးအနားမှ ဖယ်ရှားပေးပါ။

အကယ်၍ မီးလောင်ကျွမ်းမှုဖြစ်လျှင် သင့်တွင် အစီအစဉ်တစ်ခု ရှိနေကြောင်း သေချာစေပါ။ သင့် နေရာတွင်မီးမလောင်မီ မီးလောင်မှုအကြောင်းနှင့်ပတ်သက်၍ သင့်မိတ်ဆွေများနှင့်မိသားစု တို့နှင့်ပြောဆိုပါ။

နေ့စဉ် မီးအန္တရာယ် အဆင့်သတ်မှတ်ချက်ကို စိစစ်ပြီး ပြင်ပလောက၏ အခြေအနေကို မျက်စိတောက်ထောက် ကြည့်ထားပါ။ အရေးပေါ်အခြေအနေ ဝန်ဆောင်မှုများထက် သင်သည် မီးလောင်မှုကို ဦးစွာသိနိုင်ကောင်း သိနိုင်သည်။

မီးလောင်မှု အန္တရာယ် အဆင့်သတ်မှတ်ချက်များနှင့် အရေးပေါ်သတိပေးမှုများကို emergency.vic.gov.au တွင်စိစစ်ပါ။

ဗစ်တိုးရီးယား တောမီးလောင်ကျွမ်းမှု သတင်းပေး လိုင်း 1800 240 667